ပေါင်းရွာကျေးရွာ၊
မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း
(၂၀၂၃-၂၀၂၇)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပေါင်းရွာကျေးရွာ၊ မင်းဘူးမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ

ပေါင်းရွာကျေးရွာ

မင်းဘူးမြို့နယ်၊ မကွေးတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(၂၀၂၃-၂၀၂၇)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ပေါင်းရွာကျေးရွာ၊ မင်းဘူးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ

မာတိကာ

စကားချီး ၆

ပေါင်းရွာကျေးရွာသယံဇာတပြမြေပုံ၊ ရာသီခွင်ပြပြကွဒိန်၊ အဖွဲ့အစည်းချိတ်ဆက်ပြပုံ ၈
မင်းဘူးမြို့နယ်

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၁၁
(က) ရည်ရွယ်ချက်နှင့် အကျိုးအကြောင်းဖော်ပြချက်
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၃
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား
(ခ) သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၃
(က) လူဦးရေဆိုင်ရာ အချက်လက်များ
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု
(ဃ) ကျန်းမာရေး နှင့် အာဟာရ
(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ
(စ) ကျားမရေးရာကိစ္စဆိုင်ရာ

၄။ ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၅
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့် ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့်ဆက်သွယ်ရေး

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ ၁၈

အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၉
၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ
ကူညီဖြေရှင်း ပေးရမည့်ကိစ္စများ ၂၁
၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၂
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
၉။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၇
(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
၁၀။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၈
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၂

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား ၈ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု
(၂) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဇရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ

ဇယား ၃၅ လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး၊ အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေ ရရှိနိုင်မှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မရေးရာကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ ၇၁

နောက်ဆက်တွဲ (၃)ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဝင်များစာရင်း ၇၄

ကိုးကားစာရင်း ၇၆

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ၂၀၂၇-၂၀၂၈ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွေးထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုး ပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာ ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင် ထပ်မံလိုအပ်သောကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှုပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။ ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့တွင် ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍နောက်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု


အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘက်ဂျက်နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။


စက်တင်ဘာလ ၊ ၂၀၂၃

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပေါင်းရွာကျေးရွာ
မင်းဘူးမြို့နယ်


ခံကုန်းကျေးရွာအုပ်စု၊ ပေါင်းရွာကျေးရွာသယံဇာတပြမြေပုံ



ခံကုန်းကျေးရွာအုပ်စု၊ ပေါင်းရွာကျေးရွာ ရာသီခွင်ပြပြကွဒိန်



ခံကုန်းကျေးရွာအုပ်စု၊ ပေါင်းရွာကျေးရွာ အဖွဲ့အစည်းချိတ်ဆက်ပြပုံ



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁။ နိဒါန်း

(က)ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည် ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။ ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြပါမည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်း နိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော

အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ကျေးရွာ၏ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်တော်တို့ကျေးရွာသည် ထနောင်းတော-အိုင်မရွှေစက်တော်ဘုရားသွားရာလမ်းဘေးတွင် တည်ရှိပါသည်။ စကုမြို့နှင့်(၂)မိုင်ခန့်၊ မင်းဘူးမြို့နှင့်(၁၅)မိုင်ခန့်ကွာဝေး၍ ဆက်သွယ်သွားလာရ လွယ်ကူပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မ(၄၀)အောက်သာရှိပြီး ပူပြင်းခြောက်သွေ့ သောဒေသဖြစ်ပါသည်။ ကျေးရွာအနီးတွင် တောတောင်၊ မြစ်ချောင်း၊ မန်းချောင်းနှင့်ဝေးကွာပြီး မြေပြင်အနေအထားမှာ မြေပြန့်ဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ

ကျွန်တော်တို့ကျေးရွာတွင် လယ်မြေကောအများအပြားရှိပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတထွက်ရှိခြင်းမရှိပါ။ မိုးစပါး စိုက်ပျိုးရာတွင် အိုင်းမဆည်၊ မဲဇလီဆည်တို့မှ လယ်မြေက(၁၂၅.၂၅)ကော စိုက်ပျိုးနိုင်ပါသည်။ မြေအောက်ရေအသုံးပြု၍ ပဲနှင့်နှမ်းတို့ကို (၁၁၃)ကောခန့် စိုက်ပျိုးကြပါသည်။ သဘာဝဆေးဖက်ဝင် အပင်များအနေဖြင့် ကျေးရွာ၏ ဘေးပတ်လည်တွင် ဆေးဖက်ဝင်အပင်များစွာ ပေါက်ရောက်ပါ သည်။

၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့ ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၅၄)စု၊ လူဦးရေစုစုပေါင်း(၂၁၃)ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ဦး ထက် လျော့ နည်းသည်။ ကျေးရွာသည် ဗမာလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေ၏(၆၀.၅၆)%ခန့်ရှိပြီး လူသားအရင်းအမြစ်ကောင်းဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင် သော အရွယ်ရှိ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်၂.၃၃%မျှ ပိုများသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အနည်းငယ်လျော့နည်းသည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စု အားလုံး၏ (၇၈%)သည် ဆင်းရဲနှင့်အလွန်ဆင်းရဲအဆင့်ဖြစ်ကြီး(၁၀%)သည် ချမ်းသာသည့် အဆင့်၊ (၉%)သည် အလယ်အလတ်အဆင့်ရှိကြသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု၊

လယ်ယာသုံးပစ္စည်းကိရိယာများပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်အတင့်ကောင်းသည်ဟု ပြောနိုင်ပါသည်။ စီးပွားရေးအဆင်ပြေသော အိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ ကုန်စုံဆိုင်စသော အသေးစားအိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်များပြားပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

ကျွန်တော်တို့ကျေးရွာတွင် ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%) ဖြစ်သော (၁၁)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၃၆.၃၆% မှာ သူတစ်ပါးထံမှချေးငှားပြီး နပ်မှန်စွာစာသုံးနိုင်ကြောင်း၊ ၃၆.၃၆% မှာ သူတစ်ပါးထံမှ မချေးငှားဘဲ ၃လအထိစားသုံးနိုင်ကြောင်း၊ ၂၇.၂၇% မှာ ၁၂ လ ခန့် သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်စွာစားသုံးနိုင်ကြောင်း တွေ့ရှိရပါသည်။ လူဦးရေများပြား၍ မုဆိုးဖိုး/မုဆိုးမ ဦးဆောင်သော အိမ်ထောင်စုများသည် ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်သော အိမ်ထောင်စုတွင်ပါဝင်ပါသည်။ အကြွေးတင်ရှိမှုတွင် အိမ်ထောင်စုများသည် အကြွေးငွေ(၁)သိန်းကျပ်မှ (၁၀)သိန်းကျပ်အထိရှိကြပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ ကလေးသူငယ်အများစုလည်း ကျန်းမာကြပါသည်။ ကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုအား ရွာနှင့်(၁)ဖာလုံခန့်ဝေးကွာသော အုပ်စုကျေးရွာတွင်ရရှိနိုင်ပြီး မြို့နယ်ဆေးရုံနှင့်လည်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး သွားလာရလွယ်ကူပါသည်။ ကျေးရွာတွင် ရေကောင်းရေသန့်ရရှိသုံးစွဲခြင်းကြောင့် ရေနှင့်ဆက်စပ်သော ရောဂါဖြစ်ပွားမှုနည်းပါးကြောင်း တွေ့ရှိရပါသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျွန်တော်တို့ကျေးရွာ၏ အားပေးမှုမှာ လျော့နည်းနေကြောင်း လေ့လာတွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ရုံမျှရှိပါသည်။ ကျေးရွာတွင် အခြေခံပညာရေးကျောင်းမရှိ၍ (၂)ဖာလုံခန့်ဝေးကွာသော အုပ်စုကျေးရွာသို့ သွားရောက်ပညာသင်ကြားရပေသည်။ ကျေးရွာ၏ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးပါသည်။

(စ) ကျား-မရေးရာ ကိစ္စဆိုင်ရာ

ကျွန်တော်တို့ကျေးရွာ၏ ကျား-မရေးရာကိစ္စဆိုင်ရာအနေအထားမှာ လွတ်လပ်မှုရှိပါသည်။ ကျား-မရေးဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြပါသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်ထန်းသောအိမ်တွင်း

အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံကိစ္စများ မတွေ့ရပါ။ ကျေးရွာလူထုအနေဖြင့် ဥပဒေဆိုင်ရာ အသိပညာများအားနည်းမှုရှိသည်ဖြစ်၍ အသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်းဖြင့် အထောက်အကူဖြစ်စေနိုင်ပါသည်။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနယ်ပယ်တွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ နေ့တွက်လုပ်အားခမှာ စိုက်ပျိုးချိန်တွင် ကျား-မကွာခြားချက်အနည်းငယ်ရှိပြီး ရိတ်သိမ်းချိန်တွင် ကွာခြားချက်မရှိပါ။ ကွာခြားချက်ဆိုရာတွင် ကျွမ်းကျင်မှုနှင့် အားစိုက်ရမှုပေါ်တွင် ကွာခြားချက်ရှိနိုင်ပါသည်။

၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျွန်တော်တို့ ကျေးရွာတွင် လူထုအခြေပြုလှုပ်ရှားရေးဆိုင်ရာအဖွဲ့အစည်းအနေဖြင့်(၆)ဖွဲ့ရှိပါသည်။ ယင်းအဖွဲ့အစည်းများအနက် အမျိုးသမီးရေးရာအဖွဲ့အစည်းမှာ လှုပ်ရှား ဆောင်ရွက်မှုနှင့် နည်းပညာပိုင်းများအားနည်းလျက်ရှိပါသည်။ ပရဟိတအသင်းအဖွဲ့မှလည်း သာရေး၊ နာရေးနှင့် လူမှုရေးတို့နှင့် ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းတို့တွင် တက်ကြွစွာပါဝင်ဆောင်ရွက်မှု ရှိကြသော်လည်း ရန်ပုံငွေလိုအပ်လျက်ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးမှုအတွက် အဖွဲ့အစည်းဆိုင်ရာ သတ်မှတ်မှု၊ အချိတ်အဆက် ဆောင်ရွက်မှု၊ ဖွဲ့စည်းမှုသဘောတရားတို့နှင့်ပတ်သက်၍ အားနည်းမှု များအား နည်းပေးလမ်းပြဆောင်ရွက်မှု သင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမို တိုးတက် ကောင်းမွန်လာနိုင်ပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျွန်တော်တို့ကျေးရွာတွင် စပါး၊ ကုလားပဲ၊ နှမ်းတို့ကို အဓိကထားစိုက်ပျိုးပါသည်။ မိုးစပါး စိုက်ကေ(၁၂၅.၂၅)ကေနှင့် နှမ်း(၁၁၃)ကေ စိုက်ပျိုးကြပါသည်။ မိုးစပါးမှာ ပျမ်းမျှအထွက်နှုန်း(၆၀) တင်း၊ ကုလားပဲ(၁)ကေ ပျမ်းမျှအထွက်နှုန်း(၉)တင်းနှင့် နှမ်း(၁)ကေ ပျမ်းမျှအထွက်နှုန်း(၈)တင်း ထွက်ရှိပါသည်။ မိုးစပါးကို အိုင်းမဆည်၊ မဲဇလီဆည်တို့မှ ဆည်ရေသွင်းစိုက်ပျိုးကြပြီး ကုလားပဲ၊ နှမ်း တို့ကို မြေအောက်ရေအသုံးပြု၍ စိုက်ပျိုးကြပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဖြူပေးပါသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် လုပ်သားမလုံလောက်မှုပြဿနာများရင်ဆိုင်တွေ့ရတတ်ပြီး လုပ်အားခပိုပေးမှသာ အလုပ်သမားငှားရမ်းရရှိနိုင်ပါသည်။ တောင်သူအများစုသည် အလုပ်သမား ငှားရမ်းခစျေးနှုန်းမြင့်တက်မှုကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် အခြောက်တိုက်ရိုက်ကြဲပက်ခြင်း နှင့် အဆိုတိုက်ရိုက်ချခြင်းများကို အသုံးပြုစိုက်ပျိုးကြသည်။ တစ်ခါတစ်ရံရာသီဥတုဖောက်ပြန်မှုနှင့် မိုးရွာသွန်းမှုမညီမျှမှုတို့ကြောင့် စပါးခင်းများ ပျက်စီးမှုများ ရှိတတ်ပါသည်။

ကျေးရွာတွင် ဝက်နှင့်ကြက်ကို စီးပွားဖြစ်မွေးမြူခြင်းမရှိပေ။ တစ်နိုင်တစ်ပိုင်သာ မွေးမြူကြပြီး ဈေးကွက်တင်ပို့နိုင်မှုအားနည်းပါသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါ မဖြစ်ပွားစေရေးကာကွယ်ရန်နှင့် မွေးမြူရေးလုပ်ကိုင်စေတတ်ရန် နည်းပညာ ဝန်ဆောင်မှုကို မြို့နယ်မွေးကုဋ္ဌီးစီးဌာနမှ နည်းပညာကူညီမှုရရှိပါက မွေးမြူရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာ ရှိပါသည်။

(ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျွန်တော်တို့ကျေးရွာတွင် အိမ်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်း များမှာ ဈေးရောင်း၊ ခေါင်းရွက်ဗျတ်ထိုး၊ ကွမ်းယာဆိုင်၊ အကြော်ဆိုင်စသော လုပ်ငန်းတို့ ဖြစ်ကြပါ သည်။ ဝင်ငွေအသင့်အတင့်ရ၍ စားဝတ်နေရေး အဆင်ပြေပါသည်။ လက်လုပ်လက်စားများမှာ မိုးရာသီမှသာ အလုပ်အကိုင်ပေါများပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်း ကြောင့် စားဝတ်နေရေး အခက်အခဲရှိကြပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလား အလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင် မှုပေးနိုင်သော လုပ်ငန်းများရှိကြသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိ အတွေ့နည်းပါးကြ၍ အသက်မွေးဝမ်းကျောင်းပညာရပ်တွင် နိမ့်ကျဆဲဖြစ်ပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းမှုများ ဖြစ်ပေါ်လာပါသည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြု မှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာများ အသိပညာပေးလုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။

ကုန်းတွင်းပိုင်းဖြစ်သောကြောင့် မုန်းတိုင်းဘေးအန္တရာယ်တို့ နည်းပါးပါသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တခါတရံ ကြုံတွေ့ရတတ်သည်။ အခါအားလျော် စွာကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေဖြင့်ရှိနေ ဆဲဖြစ်ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာတွင် စိုက်ပျိုးရေးဘဏ်မှ အတိုးနှုန်းသက်သာစွာဖြင့် ပုံစံ(၇)ယာမြေလုပ်ပိုင်ခွင့်ရရှိသူ များကိုသာ ထုတ်ချေးပေးပြီး စိုက်ပျိုးစရိတ်ချေးငွေအဖြစ် (၁)ဧကလျှင် ၁၅၀၀၀၀ကျပ်နှုန်းနှင့်

(၁၀)ဧကအထိထုတ်ချေးနိုင်ပြီး တစ်နှစ်လျှင် ၁ကျပ်တိုးနှင့် ချေးယူနိုင်ပါသည်။ အချို့အိမ်ထောင်စု အပေါင်ဆိုင်များတွင် အတိုးနှုန်း(၅)ကျပ်ဖြစ်ပြီး မိတ်ဆွေနှင့် ဆွေမျိုးများထံမှ အတိုးနှုန်း(၁၀)ကျပ်တိုးဖြင့် ချေးယူပြီး ပြန်လည်ပေးဆပ်ရမည့်ကာလမှာ (၁)နှစ်ဖြစ်ပါသည်။

ကျေးရွာမှအများစုသည် အကြောင်းအမျိုးမျိုးကြောင့် ငွေချေးယူသော်လည်း အဓိကအားဖြင့် စားနပ်ရိက္ခာအတွက်သာများပါသည်။ အဆင့်(၃)နှင့် (၄)အား စစ်တမ်းကောက်ကြည့်ရာတွင် ၃၀၀၀၀၀ ကျပ်နှင့် ၁၀၀၀၀၀၀ ကျပ်အထိ တင်ရှိနေကြောင်းတွေ့ရှိရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်တော်တို့ကျေးရွာတွင် အခြေခံပညာရေးကျောင်းမရှိပါ။ (၂)ဖာလုံခန့်ဝေးကွာသော အုပ်စုကျေးရွာအလယ်တန်းကျောင်း(၃)သို့ သွားရောက်ပညာသင်ကြားရပါသည်။ မူလတန်းကျောင်းဆောင်မှာ(၆၀'x၂၀'x၁၅')ရှိပြီး သွပ်မိုး၊ ပျဉ်ကာ၊ အုတ်စီထားပါသည်။ အလယ်တန်းကျောင်းဆောင်မှာ (၉၀'x ၃၀'x၂၀')ဖြစ်ပြီး သွပ်မိုး၊ အုတ်နံရံကာ၊ အင်္ဂတေအခင်းကျောင်းဆောင်ဖြစ်ပါသည်။ ရွာသားအများစုမှာ အရေး၊ အဖတ်၊ တွက်ချက်တတ်ကြပြီး လူဦးရေ၏ အားလုံး၏(၄.၁၁%)မှာ စာမတတ်နှင့်(၄.၇%) မှာ ဘုန်းကြီးကျောင်းပညာရေးကို ရရှိထားကြပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိ၍ (၂)ဖာလုံခန့်ဝေးကွာသော အုပ်စုကျေးရွာတွင် ကျန်းမာရေးဌာန(၃)ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သောကြောင့် သွားလာရလွယ်ကူ၍ ကျန်းမာရေးဝန်ဆောင်မှုလက်လှမ်းမီပါသည်။ ကျန်းမာရေးဝန်ထမ်း၊ ဆေးနှင့်ပတ်သက်သော အသုံးအဆောင်ပစ္စည်းများအသင့်အတင့်လုံလောက်မှုရှိပါသည်။

သောက်သုံးရေအတွက် လက်နှိပ်တုံကင်နှင့် မော်တာသုံးရေတုံကင်များ တပ်ဆင်သုံးစွဲကြပြီး သောက်သုံးရေလုံးလောက်မှုရှိပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာသုံးစွဲကြသဖြင့် အစာ၊ ရေကြောင့်ဖြစ်သော ရောဂါများခံစားရမှုနည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း ကျောင်အိမ်သာနှင့် ရေတွင်းကို စနစ်တကျဆောက်လုပ်အသုံးပြုလျက်ရှိပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့်မရှိပေ။ သူတို့သည် ကျေးရွာရှိ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းသီးသန့် ဖော်ဆောင်ခြင်းမရှိသေးပါ။ ကျေးရွာတွင် စာကြည့်တိုက် မရှိသဖြင့် လူငယ်ယဉ်ကျေးမှုနှင့် အသိပညာဖွံ့ဖြိုးတိုးတက်မှုများ အားနည်းလျက်ရှိပါသည်။

(၉) အခြေခံအဆောက်အဦးများအား လက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာ၏အဆင်ပြေသောအိမ်ထောင်စုများသည် ထရံကာ/သွပ်မိုး၍ ဆောက်လုပ်နေထိုင်ကြပါသည်။ ဆင်းရဲအိမ်ထောင်ကွဲများ၊ တောင်သူငယ်များသည် ထရံကာ/သက္ကယ်မိုး၍ နေထိုင်ကြပါသည်။ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပါသည်။ မြစ်၊ ချောင်းများနှင့်ဝေးသောကြောင့် ရေကြောင်း အသုံးပြုမှုမရှိပါ။ ရွာတွင်းလမ်းမှာ (၁၈၀၀)ပေခန့်ရှည်လျားပြီး အကျယ်(၆)ပေရှိပါသည်။ ရွာ၏ချဉ်းကပ်လမ်းမှာ ကျောက်ခင်းလမ်းဖြစ်၍ ရွာချင်းဆက်လမ်းသည်လည်း (၃)ဖာလုံခန့် ကျောက်ခင်းလမ်းဖြစ်ပြီး ကျန်အပိုင်းသည် ကတ္တရာလမ်းဖြစ်ပါသည်။

ကျေးရွာတွင် နိုင်ငံတော်မှချမှတ်ပေးထားသော မဟာဓာတ်အားလိုင်းအားရရှိ၍ လျှပ်စစ်မီးရရှိမှုမှာ ကောင်းမွန်လျက်ရှိပါသည်။ မိုဘိုင်းဆက်သွယ်ရေးကိုစျေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမီပါသည်။

(စျ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျွန်တော်တို့ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး စီမံချက်ရေးဆွဲထားပါသည်။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတား များနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေနေများ

ကျေးရွာတွင် အလုပ်လုပ်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေ၏(၆၀.၅၆%)ရှိသဖြင့် လူငယ်များကိုလေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး လူမှုဘဝတိုးတက်မြင့်မားအောင်စွမ်းဆောင်နိုင်သော လူသားအရင်းအမြစ်ကောင်းတစ်ရပ် ဖြစ်သည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာအသင့်အတင့် ကောင်းမွန်ပါသည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်နိုင်ပါသည်။ မိုးရွာသွန်းမှုမှာ ၄၀လက်မအောက်တွင်ရှိသောကြောင့် စပါးနှင့် သီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ်ပါသည်။ ကျေးရွာတွင် အိုင်းမဆည်၊ မဲဇလီဆည်တို့မှ မိုးစပါး(၁၁၉.၂၅)ဧက စိုက်ပျိုးနိုင်ပါသည်။ မြေအောက်ရေဖြင့် ပဲနှင့် နှမ်းတို့ကို(၁၁၃)ဧက စိုက်ပျိုးနိုင်သည်။ တစ်နှစ်

ထွန်ယက်စိုက်ပျိုးနိုင်သည့်ဧက(၁၂၅.၂၅)ဧကရှိပြီး စပါး၊ ပဲ၊ နှမ်း သုံးသီးထပ်စိုက်ပျိုးနိုင်သော ဧက ဖြစ်ပါသည်။

ကျေးရွာတွင် ကြက်၊ သိုး၊ ဆိတ်နှင့် နွားတို့ကို တစ်နိုင်တစ်ပိုင်သာ မွေးမြူနိုင်ကြသည်။ မွေး/ကုဋ္ဌီးစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကိုလည်း တိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်သည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်သည်မှအပ အခြား သယံဇာတ ထွက်ရှိခြင်းမရှိပါ။ လယ်မြေထပ်မံတိုးချဲ့ရန် မြေလွတ်မြေရိုင်းမရှိသဖြင့် အထွက်နှုန်း ကောင်းမွန်သော အားစိုက်ရပါသည်။

စိုက်ပျိုးစရိတ်အတွက်လိုအပ်ချက်မှာ စိုက်ပျိုးရေးဘဏ်မှရရှိသော်လည်း ပုံစံ(၇)ရှိသော အိမ်ထောင်စုများသာ ထုတ်ချေးခွင့်ရရှိပြီး ပုံစံ(၇)မရှိသောတောင်သူများအနေဖြင့် ကုန်းမြေ၊ သဲမြေ များကို လုပ်ကိုင်ရသောကြောင့် စားဝတ်နေရေးပို၍သာ ခက်ခဲလျက်ရှိပါသည်။ ကျေးရွာတွင် အိမ်တွင်းထုတ်ကုန် လုပ်ငန်းများမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပံ့မှန်ရရှိရေးအတွက် အကန့် အသတ်ရှိနေပါသည်။

ကျေးရွာသည် (၄)ရွာဒိုင်နယ်အုပ်စုဖြစ်ပြီး အခြေခံပညာရေးကျောင်းတစ်ကျောင်းတည်းသာ ရှိသည့်အတွက် ပညာရေးသင်ယူရန်အခက်အခဲအနည်းငယ်ရှိသဖြင့် ကျေးရွာအား စာသင်ကျောင်း ချထားပေးပါက ပညာရေးအတွက် အခွင့်အလမ်းများပိုမိုရရှိနိုင်ပါမည်။

၆။ ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာ ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းလမ်းအား ကွန်ကရစ်ခင်းခြင်းဖြင့် အဆင်ပြေ ချောမွေ့စွာသွားလာနိုင်စေမည် ဖြစ်ပါသည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်းကျန်လမ်းများ ကွန်ကရစ်ခြင်းခြင်းအားဖြင့် ချောမွေ့ စွာသွားလာနိုင်စေမည် ဖြစ်ပါသည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် မူကြိုကျောင်းရရှိအောင်ဆောင်ရွက်ခြင်းအားဖြင့် ကလေးငယ် များ မိမိတို့ကျေးရွာရှိကျောင်းတွင် လုံခြုံစိတ်ချစွာသင်ကြားနိုင်မည်ဖြစ်ပါသည်။

(က.၄) ကျွန်ုပ်တို့ကျေးရွာလူထုသည် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းအားဖြင့် အစည်းအဝေးပွဲ များအပြင် အခြားသော အခမ်းအနားများလည်း အသုံးပြုရန်နေရာရရှိနိုင်လာမည် ဖြစ်ပါသည်။

(က.၅) ကျွန်ုပ်တို့ကျေးရွာလူထုသည် အားကစားကွင်းရရှိရေးဆောင်ရွက်ခြင်းဖြင့် ကျေးရွာရှိ လူငယ်/လူရွယ် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ရန်နေရာသီးသန့်ရရှိနိုင်မည် ဖြစ်ပါသည်။

(က.၆) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာဟောပြောပွဲများကျင်းပခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သော အသိပညာဗဟုသုတများတိုးပွားလာပြီး အကောင်အထည်ဖော်ဆောင်ရွက်၍ မိသားစုဝင်ငွေတိုးပွားလာနိုင်မည်ဖြစ်ပါသည်။

(က.၇) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာကြည့်တိုက်တည်ဆောက်ခြင်းအားဖြင့် ရွာသူ/သားများ ဗဟုသုတကြွယ်ဝလာနိုင်မည် ဖြစ်ပါသည်။

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ.၁) ကျေးရွာတွင် ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်လမ်းခင်းခြင်းအား ကျေးရွာမှ လုပ်အား၊ ငွေအား ပါဝင်ဆောင်ရွက်ရန် စည်းရုံးဆောင်ရွက်ပြီး နည်းပညာများအား ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ကျေးရွာမှ လုပ်အားနှင့် ငွေကြေးထည့်ဝင်ဆောင်ရွက်သွားပါမည်။

(ခ.၂) ကျေးရွာတွင် ရွာတွင်းကျန်လမ်းများ ကွန်ကရစ်ခင်းခြင်းအား ကျေးရွာမှ လုပ်အား၊ ငွေအား ပါဝင်ဆောင်ရွက်ရန် စည်းရုံးဆောင်ရွက်ပြီး နည်းပညာများအား ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ကျေးရွာမှ လုပ်အားနှင့် ငွေကြေးထည့်ဝင်ဆောင်ရွက်သွားပါမည်။

(ခ.၃) ကျေးရွာတွင် မူကြိုကျောင်းရရှိနိုင်ရေးအတွက် ပညာရေးဌာနသို့ တင်ပြတောင်းခံသွားမည် ဖြစ်ပါသည်။

(ခ-၄) ကျေးရွာတွင် ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းအား ကျေးရွာမှ လုပ်အား၊ ငွေအားပါဝင်ဆောင်ရွက်ရန်စည်းရုံးပြီး နည်းပညာများအား ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

(ခ-၅) ကျေးရွာတွင် အားကစားကွင်းရရှိနိုင်ရေးအတွက် လိုအပ်သည့်မြေနေရာအကျယ်ရရှိနိုင်ရန် ကျေးရွာသို့စည်းရုံးပြီး သက်ဆိုင်ရာဦးစီးဌာနသို့ တင်ပြတောင်ခံသွားပါမည်။

(ခ-၆) ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားလာပြီး အကောင်အထည်ဖော်ဆောင်ရွက်၍ မိသားစုဝင်ငွေတိုးပွားလာနိုင်စေရန် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာဟောပြောပွဲများ ကျင်းပခြင်းအား စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးဆေးကုမ္ပဏီများထံသို့ တင်ပြတောင်းခံသွားမည်ဖြစ်ပါသည်။

(ခ-၇) ကျေးရွာတွင် စာကြည့်တိုက်တွင်ထားရှိမည့် စာအုပ်များအတွက် ကျေးရွာမှ ပါဝင်လှူဒါန်း နိုင်ရန်စည်းရုံးဆောင်ရွက်ပြီး စာကြည့်တိုက်တည်ဆောက်ခြင်းအား ကျေးရွာမှ လုပ်အား နှင့် ငွေအား ပါဝင်ဆောင်ရွက်၍ သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်း ပေးရမည့်ကိစ္စများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာ များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြု ချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့် အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက် ပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါး၊ ပဲ၊ နှမ်းတို့ကို သီးထပ်အဖြစ်စိုက်ပျိုးကြသည်။ တောင်သူများအတွက် ဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနိုင်နင်းနိုင်ရေး အတွက် နည်းစနစ်များလိုအပ်ပါသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်ရည်ရှိကြ ကာ တောင်သူများအတွက် သီးနှံပျက်စီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်ပေါ်သည်။ နည်းပညာအသုံး ပြုပုံများအပါအဝင် ပိုးများနှိမ်နင်းရေးနည်းဗျူဟာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ဦးစီးဦးရွက်ပြုသင့်ပါသည်။

(ဂ) ငွေရေးကြေးရေးနှင့် ဘဏ်လုပ်ငန်များ

ဘဏ်လုပ်ငန်းများတွင် ဆင်းရဲတောင်သူ၊ အလယ်အလတ်တောင်သူနှင့် တောင်သူကြီးများ အတွက် လိုအပ်သော ချေးငွေများရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။ တောင်သူများနှင့်

အသေးစားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေရရှိရန် လိုအပ်နေကြပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေရရှိသော်လည် ပုံစံ(၇)ရှိမှသာ ချေးငွေရရှိပါသည်။ အချို့သောအိမ်ထောင်စုများမှာ ပုံစံ(၇)မရှိခြင်ကြောင့် ချေးငွေမရရှိပါ။ သမဝါယမအသင်းအဖွဲ့ရှိသောလည်း လူအနည်းစုသာ ချေးငွေရရှိပါသည်။

(ဃ) ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းဆိုင်ရာအထောက်ပံ့

ကျေးရွာတွင် အသေးစားစက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာ ရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများရရှိရန် အထူးသဖြင့် လူငယ်နှင့် အမျိုးသမီးများအတွက် အခွင့်အလမ်းများရှိပါသည်။ သို့သော် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှုဆိုင်ရာနည်းပညာ၊ စျေးကွက်များ လက်လှမ်းမီမှုတွင် အားနည်ပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစားလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့်လုပ်ငန်းသစ်များ ယခုအခါ အဆင်သင့်မတွေ့ရသေးပါ။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင်ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှု ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထိုအဖွဲ့တွင် ကျွမ်းကျင်ပညာရှင်တစ်ချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ ပါဝင်မည်ဖြစ်ပြီး မြို့နယ်ဒေသမှသည် ကျေးရွာအထိလိုအပ်သောစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုအထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း ရှိရပါမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သည့် သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများပေါ်ပေါက်လာပါက ပြောင်းလဲမှုရှိနိုင်ပြီး မပေါ်ပေါက်ပါက အနည်းနှင့်အများ ပြောင်းလဲမှုမရှိဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်း၊ စီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ထို့ကြောင့် ငါးနှစ်တာ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ နှစ်ပတ်လည်အစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံပြီး၍ စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း

အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံအုပ်စုသတ်မှတ်ခြင်း(Functional Classification)ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(Economic Classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံး၊ ငွေရင်း အသုံးစရိတ် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင် -

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

(ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေး စီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူ သတ်မှတ်ထားသော ဦးစားပေးစီမံချက်များ

အကြောင်းအရာ	စီမံချက်	ရမှတ်	အဆင့်	စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက်	မှတ်ချက်
အခြေခံအဆောက်အဦကဏ္ဍ	ကျေးရွာတွင်းလမ်းများအား ကွန်ကရစ်ခင်းခြင်း	၁၀၀	၁	• ကျေးလက်ဦးစီးဌာနမှ အကူအညီရခြင်း • ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်ခံခြင်း	
အခြေခံအဆောက်အဦကဏ္ဍ	ကျေးရွာတွင်းကျန်လမ်းများ အားကွန်ကရစ်ခင်းခြင်း	၉၈	၂	• ကျေးလက်ဦးစီးဌာနမှ အကူအညီရခြင်း • ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်ခံခြင်း	
အခြေခံအဆောက်အဦကဏ္ဍ	မူကြိုကျောင်းရရှိရေး ဆောင်ရွက်ခြင်း	၉၃	၃	• ပညာရေးဦးစီးဌာနသို့တင်ပြတောင်းခံခြင်း	
အခြေခံအဆောက်အဦကဏ္ဍ	ဘက်စုံသုံးခန်းမတည် ဆောက်ခြင်း	၉၂	၄	• ကျေးလက်ဦးစီးဌာနမှ အကူအညီရခြင်း • ကျေးလက်ဦးစီးဌာသို့ တင်ပြတောင်းခံခြင်း	
အခြေခံအဆောက်အဦကဏ္ဍ	အားကစားကွင်းရရှိရေး ဆောင်ရွက်ခြင်း	၇၅	၅	• သက်ဆိုင်ရာဌာနသို့တင်ပြတောင်းခံ၍ အကူအညီရယူခြင်း	

အကြောင်းအရာ	စီမံချက်	ရမှတ်	အဆင့်	စီမံချက်အကြောင်း ရှင်းလင်းဖော်ပြချက်	မှတ်ချက်
<u>စိုက်ပျိုး/မွေးမြူရေးမဟုတ် သောဝင်ငွေရလုပ်ငန်းများ ကဏ္ဍ</u>	စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပခြင်း	၇၀	၇	• ကျေးလက်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ အကူအညီရယူခြင်း • သက်ဆိုင်ရာဌာနပညာရှင်များမှ ကွင်းဆင်း ဆောင်ရွက်ပေးခြင်း	
<u>အခြေခံအဆောက်အဦကဏ္ဍ</u>	စာကြည့်တိုက်တည်ဆောက် ခြင်း	၆၅	၈	• ကျေးရွာမှ ငွေအား၊ လူအားပါဝင်ဆောင်ရွက် နိုင်ရေးစည်းရုံးခြင်း • ကျေးလက်ဦးစီးဌာနမှ နည်းပညာအကူအညီ ရယူခြင်း	

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုကဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်စီမံကိန်းကာလကို ကွင်းဆက်ဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

စီမံချက်	အဆင့်	၂၀၂၃	၂၀၂၄	၂၀၂၅	၂၀၂၆	၂၀၂၇
၁။ ကျေးရွာတွင်းလမ်းအား ကွန်ကရစ်ခင်းခြင်း	၁	✓				
၂။ ကျေးရွာတွင်းကျန်လမ်းအားကွန်ကရစ်ခင်းခြင်း	၂	✓	✓	✓	✓	✓
၃။ မူကြိုကျောင်းရှိရေးဆောင်ရွက်ခြင်း	၃			✓	✓	✓
၄။ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း	၄		✓	✓	✓	
၅။ အားကစားကွင်းရှိရေးဆောင်ရွက်ခြင်း	၅				✓	✓
၆။ စိုက်ပျိုးမွေးမြူရေးဆိုင်ရာအသိပညာပေးဟောပြောပွဲကျင်းပခြင်း	၆				✓	✓
၇။ စာကြည့်တိုက်တည်ဆောက်ခြင်း	၇				✓	✓

၉။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည် ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာ တွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းတွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက် စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

ကျွန်ုပ်တို့ ကျေးရွာအဖွဲ့များဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံ ခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရ ယူဆောင် ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်း ပညာရေးသင်ကြားမှု အရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ် လုပ်ငန်းအထောက် အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ

- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများကစီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသောအဖွဲ့ခွဲ၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်နှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာအဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင် ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၀။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်

ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သောကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ ၊ အိမ်ထောင်စုများ တက်ကြွစွာအတူပူးပေါင်း ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန်သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က)ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ(Base LIne)ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်းများ(Indicators) ဖြစ်ပါသည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့ခွဲအသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထား ချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းများလက်ကျန်၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/ သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သောအခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုစီမံကိန်းဇယားများ

(၁) လူမှုစီးပွားရေး အခြေအနေ

(၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း	စုစုပေါင်း၏%
၁ နှစ်အောက်	နို့စို့အရွယ်	၂	၁	၃	၁.၄%
၁ နှစ်မှ ၅ နှစ် အောက်	၅ နှစ်အောက်ကလေးငယ်	၁၀	၁၁	၂၁	၉.၈၅%
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသား အရွယ်	၁၁	၈	၁၉	၈.၉၂%
၉ နှစ်အထက် မှ ၁၅နှစ်အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၂	၁၀	၂၂	၁၀.၃၅%
၁၅ နှစ်အထက် မှ ၆၀ နှစ်အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၆၆	၆၃	၁၂၉	၆၀.၅၆%
၆၀နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး	၅	၁၄	၁၉	၈.၉၂%
စုစုပေါင်းလူဦးရေ-		**၁၀၆**	**၁၀၇**	**၂၁၃**	**၁၀၀%**
စုစုပေါင်း အိမ်ထောင်စု-၅၄		**တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄ ဦး**			

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ မင်းဘူးမြို့နယ်၊ ခန်ကုန်းကျေးရွာအုပ်စု၊ ပေါင်းရွာကျေးရွာသည် အိမ်ထောင်စု(၅၄)စုရှိပါသည်။ လူဦးရေစုစုပေါင်း(၂၁၃)ယောက်ရှိပါသည်။ အလုပ်လုပ်နိုင်သည့် အရွယ်မှာ ၆၀.၅၆%ရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် လူစွမ်းအား အသင့်အတင့်ရှိပါသည်။ တစ်အိမ်ထောင်ရှိပျမ်းမျှဦးရေမှာ(၄)ဦးသာရှိ သဖြင့် နိုင်ငံတော်မှ သတ်မှတ်ထားသော တစ်အိမ်ထောင်ရှိပျမ်းမျှဦးရေထက် လျော့နည်းကြောင်းနှင့် အုပ်ချုပ်ရေးမှူးရုံး ရှိသောစာရင်းနှင့် အနည်းငယ်ကွဲလွဲမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၁.၂) အလုပ်လုပ်နိုင်သူ အင်အား

(၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
၁	**စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)**					
	ကိုယ်ပိုင်လုပ်ငန်း	၂၀	၃၇.၀၃%	၃၁		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၂၃	၄၂.၅၉%	၃၀		
၂	**တိရစ္ဆာန် မွေးမြူရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၂	၃.၇%	၂	၂၇	
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၁	၁.၈၅%	၁		
၃	**ငါးဖမ်း လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၄	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၅	**ထုတ်ကုန်လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၂	၃.၇%	၅		သစ်စက်အလုပ်သမား
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၆	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**					
	ကိုယ်ပိုင် လုပ်ငန်း					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၇	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၁.၈၅%	၁	၁	လက်သမား
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၈	**ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၁	၁.၈၅%	၁	၁	စက်ဘီးပြင်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၉	**ကျွမ်းကျင်ပညာရှင်များ(ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူစသည်)**					
	ကိုယ်ပိုင် လုပ်ငန်း	၃	၅.၅၅%	၄	၂	စက်ချုပ်ဆိုင်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၀	**လက်လီ-လက်ကား ရောင်းဝယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း	၄	၇.၄%	၄	၂	ကုန်စုံဆိုင်၊အသုတ်ဆိုင်
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၁	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၂	**ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး**					
	ကိုယ်ပိုင် လုပ်ငန်း					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက်လုပ်ကိုင်သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၃	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၄	**အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၆	**ပညာရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၇	**ကျန်းမာရေး**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၈	**လူမှုရေး လုပ်ငန်းများ**					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်			တွဲဖက် လုပ်ကိုင် သူဦးရေ	မှတ်ချက်
		အိမ်ထောင်စု	%	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
၁၉	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**					
	ကိုယ်ပိုင် လုပ်ငန်း				၁	ဗေဒင်ပညာ
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား				၁	ထန်းတက်သမား
၂၀	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,)**					
	ကိုယ်ပိုင် လုပ်ငန်း					
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား					
	စုစုပေါင်း	၅၄	၁၀၀%	၈၅	၅၃	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ပေါင်းရွာကျေးရွာသည် တောင်သူလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြသည်။ ငွေကြေးခက်ခဲသောကြောင့် ပြည်တွင်း၊ ပြင်ပသို့သွားရောက် လုပ်ကိုင်သူများအပြင် လက်သမား၊ ပန်းရံ၊ စက်ချုပ်၊ ဗေဒင်ပညာနှင့် ထန်းတက်ခြင်းစသည့်တို့ဖြင့် အသက်မွေးဝမ်းကျောင်းကြကြောင်း တွေ့ရှိရပါသည်။

(၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
၁	လယ်ယာလုပ်ငန်း	နေ့စား	၄၀၀၀	၃၀၀၀	၂၀၀၀	၁၅၀၀	လယ်ကူလီ
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-	
၃	ငါးလုပ်ငန်း -	နေ့စား					

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)		မှတ်ချက်
			ကျား	မ	ကျား	မ	
	ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း						
၄	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား					
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား					
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	နေ့စား					
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား					
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား		၄၀၀၀		၂၀၀၀	စိုက်ပျိုးရေး ဆေးဆိုင်
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား		၅၀၀၀		၃၅၀၀	အပ်ချုပ်
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား					

